# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၀၇)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် ၊ ၁၀-၁၀-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန

စာမျက်နှာ ၃ သို့ ❒



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားနည်းနေမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေ မှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

o-o-o-o-o

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁၀ ရက်၊ သောကြာနေ့။

## အသိပညာ၊ အတတ်ပညာတို့ကို ကြိုးစားသင်ယူကြရမည်

လူ့လောကတွင် ပညာဝန်းကျင် ကျယ်ပြန့်လာသည်နှင့်အမျှ လူတို့သည် ခွဲခြားသိမြင်နိုင်စွမ်း မြင့်မားလာမည်ဖြစ်သည်။ ထိုသိမြင်နိုင်စွမ်းက အမှန်အမှားကိုလည်းကောင်း၊ ကောင်းမှု မကောင်းမှုကိုလည်းကောင်း ခွဲခြားလာနိုင်မည်ဖြစ်သည်။ ထိုသိမြင်နိုင်စွမ်းဟူသည့် အသိဉာဏ်ပညာကပင် မကောင်းမှုပြုရမည်ကို ရှက်တတ်လာအောင်၊ မကောင်းမှုပြုရမည်ကို ကြောက်တတ်လာအောင် လှုံ့ဆော်ပေးခြင်းဖြစ်သည်။ ပညာဝန်းကျင် ကျယ်ပြန့်လာအောင်၊ ပညာထီးရိပ် ပြန့်ကားလာအောင် လွှမ်းခြုံမိုးကာပေးနိုင်သည့် အရာများတွင် စာအုပ်များ ပါဝင်နေမည်ဖြစ်သည်။

စာအုပ်များ၊ စာကြည့်တိုက်များကို ထွန်းကားကြီးမားအောင် ဖန်တီးပေးပြီး လူတို့ကို စာပေမွေ့လျော်အောင်၊ စာဖတ်သူများဖြစ်အောင် စည်းရုံးဆွဲဆောင်နိုင်သည်နှင့်အမျှ လူတို့၏ အသိဉာဏ်ပညာမျက်ဝန်းကို ထိုးထွင်းကြည့်လင် မြင်လာစေမည် ဖြစ်ပါသည်။ ထိုပြင်ပညာဉာဏ် ရင့်သန်သူတို့သည်သာ ရေရှည်မျှော်မြင်နိုင်စွမ်း ကြီးမားကာ မိမိတို့၏ လောဘကိုလည်းကောင်း၊ ဒေါသကိုလည်းကောင်း၊ မောဟကိုလည်းကောင်း လျော့ပါးအောင် သတိဖြင့် စောင့်ထိန်းနိုင်ကြသည်။ ပညာမျက်စိဖြင့်သာ အမှားအမှန်ကို ခွဲခြားချင့်ချိန်ခြင်းဖြင့် လောကကောင်းကျိုးကို ဦးတည်နိုင်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာတို့ကို ကြိုးစားသင်ယူကြရမည်ဖြစ်သည်။ လောကီ လောကုတ် နှစ်ဖြာအတွက် အဆိုးအပြစ်တို့ကိုသာ ပေးနိုင်သည့် အသိဉာဏ်နုံနဲ့ခြင်း၊ အမှန်အမှားကို ခွဲခြားမသိမြင်ခြင်းတို့ကို ကုသနိုင်သည်ကား ပညာသာ ဖြစ်ပါသည်။ ပညာသည် လောက၏ ကောင်းကျိုးကိုဖြစ်စေ၊ ဆိုးပြစ်ကိုဖြစ်စေ မီးမောင်းထိုး အလင်းပြပေးနိုင်မည်ဖြစ်သည်။ ပညာအလင်းဖြင့်သာ အမှန် အမှားကို ခွဲခြားသိမြင်နိုင်ကြမည်ဖြစ်သည်။ ပညာဟူသည် ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ပင်ဖြစ်သည်။ ပညာ၏ တန်ဖိုးကို မန်လည်ဆရာတော်က မာဃဒေဝပျို့တွင် "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွမ်း၏"ဟု မိန့်ကြားခဲ့သည်။ ထို့ကြောင့် လောကတွင် ပညာပြည့်ဝ၍ နှလုံးလှသူများဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ "ပညာသည်သာ၊ အရာရာ၊ လိုရာအောင်ကြောင်း မှတ်"ဆိုသကဲ့သို့ လောကတွင် တွေ့ကြုံရမည့် အခက်အခဲမှန်သမျှကို ပညာဉာဏ်ဖြင့်ဖြေရှင်း ကျော်လွှားနိုင်မည်လည်းဖြစ်သည်။ ပညာဉာဏ်ကင်းသော လူသားတို့၏ ဘဝသည်လည်း "ရေမရှိသောကြာကဲ့သို့" ခြောက်သွေ့နိုင်ပေသည်။ ထို့ကြောင့် မိမိဘဝ တစ်လျှောက်လုံး ဖြောင့်ဖြူးသာယာစေရန် "ပညာသင်ခါ မရှက်ရာ" ဆိုသကဲ့သို့ ရှက်ကြောက်ခြင်း ကင်းမဲ့စွာဖြင့် ပညာကို သင်ယူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လောကတွင် စည်းစိမ်ဥစ္စာရတနာတို့သည် ရန်သူမျိုးငါးပါးဖျက်ဆီးပါက ပျက်ဆီးနိုင်သော်လည်း ရွှေအိုးနှင့်တူသောပညာမှာ သုံးစွဲ၍ မကုန်နိုင်သကဲ့သို့ နောက်ယှက်ဖျက်ဆီး၍ မရနိုင်ပါ။ တစ်ဖန် ပညာနှင့်ပတ်သက်၍ အင်းဝခေတ်စာဆိုကျော် ရှင်မဟာရဋ္ဌသာရက "သုတ်ပုဘ်၊ ဝိလိသိဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်သွင်၊ နေ့တိုင်းဆင်လော့"ဟူ၍ ကြားနာခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်း ဆင်ခြင်ခြင်း၊ ရေးမှတ်ခြင်း၊ လေ့ကျင့်ခြင်း၊ နှုတ်တက်ဆောင်ခြင်း" များဖြင့် အရက်၊ အကြောက်တရားကို ပယ်ဖျောက်၍ အသိပညာ၊ အတတ်ပညာတို့ကို ကြိုးစားသင်ယူ လေ့လာဆည်းပူးသင့်ကြောင်း ပညာသင်ယူရာတွင် လိုက်နာရမည့်အချက်များကို လမ်းညွှန်ဆုံးမထားကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့ အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**မတ္တရာ အောက်တိုဘာ ၉**

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာကို မတ္တရာမြို့နယ် တောင်ပြုံးကြီးကျေးရွာ၌ ယနေ့ မွန်းတည့် ၁၂ နာရီက စိုက်ထူခဲ့သည်။

အဆိုပါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ""နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့"" အသိပညာပေး မြေစိုက်ပိုစတာအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်သိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိ ဒေါ်ဆုမြတ်မွန်ထူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာ၊ ရပ်ကွက်အုပ်စု ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်၍ ဖွင့်လှစ်စိုက်ထူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၅လမ်းနှင့် ၁၂၀ လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်ကိုင်း-မန္တလေးလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily newspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား လက်ခံတွေ့ဆုံစဉ်။

☆ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးခြင်းများဆောင်ရွက်သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး

❒ ရေပုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Tan Sri Othman Hashim နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်နေမှုများအား တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်စေရန် အကြံပြုပြောကြားလိုပါကြောင်း၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကိုလည်း စေလွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ဦးစွာဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ လာရောက်တွေ့ဆုံမှုအတွက် ဝမ်းမြောက်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ၂၀၂၄ ခုနှစ်ကပင် စတင်အသိပေးပြောကြားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရသဘောထားကွဲလွဲသူများ၊ နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ချိန်ရရှိအောင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် ဥပဒေနှင့်ကိုက်ညီသည့် နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော်ရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသူများကိုလည်း နိုင်ငံရေးလမ်းကြောင်းပေါ်တွင်ပါဝင်လာနိုင်ရေးအတွက် သုံးကြိမ်ဖိတ်ခေါ်ခဲ့ကြောင်း၊ ယခုလ ၁၅ ရက်နေ့တွင် NCA နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှခေါင်းဆောင်များ၊ NCA လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်အချို့နှင့် နိုင်ငံတကာမှ အသိသက်သေများ တက်ရောက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(၁) MICC 1 ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူး အသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစတစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးများ သေနှုန်းသည် နိုင်ငံတော်၏ အရေးကြီးသည့် ကျန်းမာရေးအညွှန်းကိန်းတစ်ခု



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ် ပညာရေးကဏ္ဍလှုပ်ရှားမှုအတွက် တတိယဆုရရှိသည့် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ထံ ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဖြစ်ပါကြောင်း၊ မိခင်နှင့် ကလေးသေဆုံးမှုနှုန်းကို လျှော့ချနိုင်သည်နှင့်အတူ မိမိတို့နိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်းသည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိခင်နှင့်ကလေးကျန်းမာရေးကိစ္စ၊ ပြည်သူတစ်ရပ်လုံး ကျန်းမာပြီး သက်တမ်းရှည်စွာ နေနိုင်ရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များအဖြစ် လမ်းညွှန်ထားရှိပါကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရေဆေးခန်းအပါအဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သားဖွားခန်းများ ဖွင့်လှစ်ပြီး ကိုယ်ဝန်ဆောင်မိခင်များကို စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်း၊ မွေးပြီးမိခင်စောင့်ရှောက်ခြင်းနှင့် သားဆက်ခြားလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူသူများကို ကိုယ်ဝန်လေးလမှစ၍ လစဉ် အာဟာရယူနစ်နှင့် ကိုယ်ဝန်ဆောင်အားဆေးများ ထောက်ပံ့ပေးခြင်း၊

စာမျက်နှာ ၅ သို့

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အသိပညာ၊ အတတ်ပညာများကိုလေ့လာဆည်းပူးပြီး ကျန်းမာရေးဝန်ကြီးဌာန၊ နှီးနွှယ်ဌာန၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် လက်တွဲညီညီ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေး စသည့်ကဏ္ဍကြီး (၄)ရပ်လုပ်ရှားမှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကျန်းမာရေးကဏ္ဍလုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ငါးနှစ်အောက် ကလေးငယ်များအား အမိလိုက်ကာကွယ်ဆေးများ တိုက်ကျွေးပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ပညာရေးကဏ္ဍ လုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လူမှုရေးကဏ္ဍလုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ စန်းစန်းမြင့်အောင်က စီးပွားရေးကဏ္ဍ လုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် နေပြည်တော်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြစ်စေမည့်အစားအစာများ ထောက်ပံ့ပေးပြီး ငါးနှစ်အောက် ကလေးငယ်များအား အမိလိုက်ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၃-၂၀၂၄ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၄-၂၀၂၅ ရသုံးမှန်းခြေစာရင်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက အကြံပြုချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan သည် မြန်မာနိုင်ငံ နေပြည်တော်သို့ ယနေ့တွင် အလုပ်သဘောခရီးစဉ် လာရောက်သည်။

ခရီးစဉ်အတွင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Hotel ၌ တွေ့ဆုံဆွေးနွေးသည်။(ယာပုံ)

အဆိုပါ ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးနေမှုများ၊ စစ်မှန်ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ အာဆီယံထုတ်ပြန်ကြေညာချက် (အာဆီယံတူညီဆန္ဒ) (၅) ချက် အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် အွန်လိုင်းလိမ်လည်မှုများအတွက် အိမ်နီးချင်းနိုင်ငံများနှင့်သာမက ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာတို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် ငလျင်ဘေးသင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ ပါဝင်သည့် သုံးပွင့်ဆိုင်ပင်မအဖွဲ့ (Tripartite Core Group) ဖွဲ့စည်းရေးကိုလည်းထည့်သွင်းဆွေးနွေးသည်။ ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာအာဆီယံ၏ကြိုးပမ်းအားထုတ်မှုများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများတွင် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ၊ အဖွဲ့ဝင်ဖြစ်ချိန်မှစတင်၍ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများကို မပျက်မကွက် ထမ်းရွက်ခဲ့မှုများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး လက်ရှိအခြေအနေအရ မြန်မာနိုင်ငံအပေါ် ခွဲခြားချန်လှပ်ခြင်းများသည် သင့်လျော်မှုမရှိကြောင်း ထောက်ပြကာ အာဆီယံ၌ မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိစေရေး တိုက်တွန်းဆွေးနွေးသည်။

ယင်းနောက် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားမှုများကို သိရှိမှတ်သားရကြောင်း၊ ၎င်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများကို တတ်စွမ်းသည့် တစ်ထောင့်တစ်နေရာမှ ကူညီပေးနိုင်ရန်အတွက် လာရောက်ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ ပင်မအဖွဲ့ဝင်နိုင်ငံ တစ်ခုဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ကြေညာချက် (အာဆီယံတူညီဆန္ဒ) (၅) ချက် အကောင်အထည်ဖော်မှုတွင် ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိစေရေးအတွက် မြန်မာနိုင်ငံက ဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင် နည်းလမ်းဖြင့် ဆောင်ရွက်မှုများကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ပိုမိုထိတွေ့ဆက်ဆံကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အစည်းအဝေးမတိုင်မီတွင် Jasmine Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပါအဝင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ NCA စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံနှင့်နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီတူရှိမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်စာချုပ်အဖြစ် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ကြီးမှူး၍ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် MGallery ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ NCA (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လုပ်ငန်းကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ အဆင်သင့်ဖြစ်နေပြီဟု မျှော်လင့်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မည့် အနေအထားအား အစမ်းလေ့ကျင့်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ယဉ်ကျေးမှုအကအဖွဲ့များ အနေဖြင့် အစမ်းလေ့ကျင့်ရန် လိုအပ်ကြောင်း၊ ပထမပိုင်းတွင် ဖွင့်ပွဲအခမ်းအနားအား ဆောင်ရွက်ပြီး ဒုတိယပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲအား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းထုတ်ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း အခမ်းအနားကျင်းပသည့်နေရာသို့ အချိန်မီရောက်ရှိနိုင်ရေး မြေပြင်တွင် အချိန်ကိုက်ကြိုတင်လေ့ကျင့်ထားသင့်ကြောင်း၊ ခန်းမတွင်းနေရာချထားရေး လုပ်ငန်းကော်မတီအနေဖြင့်လည်း လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားစေလိုကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအစည်းအဝေးအား သုံးကြိမ်ကျင်းပဆောင်ရွက်ခဲ့ပြီး လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီအစည်းအဝေးအား နှစ်ကြိမ်တိုင်တိုင်ပြုလုပ်၍ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများမှ လိုအပ်ချက်များ မရှိစေရေး အသေးစိတ်တင်ပြဆွေးနွေးပေးစေလိုပြီး လိုအပ်ချက်များအား အပြီးသတ်ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အခမ်းအနားတက်ရောက်သူများအား အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ပြခန်းတွင် ရှင်းလင်းမည့် ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ထိထိမိမိ စနစ်တကျရှင်းလင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားစေလိုကြောင်း၊ ပြခန်းတွင် ခင်းကျင်းပြသမည့် ဓာတ်ပုံများအား စနစ်တကျ စိစစ်ခင်းကျင်းပြသရန်လိုကြောင်း၊ အခမ်းအနားမှူးများမှ အစီအစဉ်တကျဖြင့် အချိန်ကိုက်ကြေညာပေးရန်လိုအပ်ကြောင်း၊ အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ပြသနေမည် ဖြစ်သည့်အတွက် ဂရုတစိုက်စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသည် အရေးကြီးသည့် အခမ်းအနားတစ်ခုဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြီး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲတွင် ၁၀ နှစ်တာကာလအတွင်း NCA ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆောင်ရွက်ရမည့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် (Forward Action Plan) ကို ဖော်ထုတ်ရန်၊ အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာနိုင်စေရေးအတွက် NCA နှင့်ပတ်သက်သည့် အသိပညာများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ထိရောက်သောငြိမ်းချမ်းရေးမူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ဒေသတွင်းနှင့်နိုင်ငံတကာမှ သိမြင်လာစေရန်၊ NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ် မြန်မာနိုင်ငံတော်တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်နိုင်ရန်တို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၇၉
ရက်
သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ❖ ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲ ကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ပြည်တွင်းနှင့် ပြည်ပရှိမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

**မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်**
**ပြည်တွင်းနှင့် ပြည်ပရှိမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍**
**အသိပေးကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲစတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီး အတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရက်တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးကြေညာ အပ်ပါသည် -

(က) သက်ဆိုင်ရာကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံအကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို မြို့နယ်အလိုက် ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-က)နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၁၂-၁၀-၂၀၂၅ ) ရက်နေ့ အရောက်ပေးပို့ရန် **အစား** (၁၇-၁၀-၂၀၂၅) ရက်နေ့အရောက် ပေးပို့ရန်၊

(ခ) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှ လည်းကောင်း၊ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း ရယူဖြည့်စွက်ပြီး (၁၂- ၁၀-၂၀၂၅ ) ရက်နေ့အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပြန်လည်ပေးပို့ရန် **အစား** (၁၇-၁၀-၂၀၂၅ ) ရက်နေ့အရောက် ပြန်လည်ပေးပို့ရန်၊

(ဂ) ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို ကော်မရှင်သို့ နောက်ဆုံးထားပေးပို့ရမည့်နေ့ရက်အား (၁၂-၁၀-၂၀၂၅ ) ရက်နေ့**အစား** (၁၇-၁၀-၂၀၂၅ ) ရက်နေ့ပေးပို့ရန်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာ

**မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်**

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်းများကို မဲဆန္ဒရှင်ပြည်သူများ စိစစ်ကြည့်ရှုနိုင်ရန်အတွက် ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့ထိ (၁၄) ရက်ကြာ ကပ်ထားကြေညာလျက်ရှိပါသည်။

၂။ မဲစာရင်းများပြည့်စုံမှန်ကန်စေရန်နှင့် မဲဆန္ဒရှင်များက လိုအပ်သည့်တောင်းဆိုလွှာ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများ တင်ပြရာတွင် အချိန်ပိုမိုရရှိစေရန်အတွက် မဲစာရင်းကို **၁၄-၁၀-၂၀၂၅ ရက်နေ့မှ ၂၀-၁၀- ၂၀၂၅ ရက်နေ့ထိ (၇) ရက် ထပ်မံတိုးမြှင့်** ကပ်ထားကြေညာသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ ( ၄ ) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ၂၀-၁၀-၂၀၂၅ ရက်နေ့ထိ ဆက်လက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရွေးကောက်ပွဲနှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားတက်ရောက်

နေပြည်တော် အောက်တိုဘာ ၉

ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် ရွေးကောက်ပွဲနှိုးဆော် အသိပညာပေး မြေစိုက် ပိုစတာ (Billboard) စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇေယျာသီရိလမ်းနှင့် မန္တလေးလမ်းထောင့် ဇလပ်ဝါ ကုန်တိုက်အနီး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီ ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ရွေးကောက်ပွဲနှိုးဆော် အသိပညာပေး မြေစိုက်ပိုစတာ (Billboard) ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။(ယာပုံ) ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ က အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့သည့် ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က အခမ်း အနား တက်ရောက်လာကြသူများကို ရွေးကောက်ပွဲ ဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် MEVM အသိပညာပေးလက်ကမ်းစာစောင်များကိုဖြန့်ဝေပေး ခဲ့ကြောင်း သိရသည်။ အောင်ကို(ပုဗ္ဗသီရိ)



# (၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပ





**နေပြည်တော် အောက်တိုဘာ ၉**
(၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယခုနှစ် အခမ်းအနားအတွက် ဆောင်ပုဒ်ကို **# POSTFORPEOPLE: Local Service. Global Reach. (ပြည်သူများအတွက် စာပို့တိုက် - ပြည်တွင်းဝန်ဆောင်မှုမှသည် ကမ္ဘာတစ်ဝန်းဆီ)** ဟု ယူပီယူမှ ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် ပြည်သူလူထုအတွက် မြို့ပြမှ ကျေးလက်တောရွာမကျန် စာပို့တိုက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာဆက်သွယ် ချိတ်ဆက်မှုအတွက် စာပို့တိုက် ဝန်ဆောင်မှုကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေသည်ကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ပြည်သူများအပါအဝင် နိုင်ငံတော်နှင့် ကမ္ဘာတစ်ဝန်းလုံးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့် မျှော်မှန်းလမ်းညွှန်ချက်တစ်ခုလည်း ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့၏ဆောင်ပုဒ်သည်မြန်မာ့စာတိုက်လုပ်ငန်း၏ ရည်မှန်းချက်ဖြစ်သည့် "လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone)" နှင့် ကိုက်ညီလျက်ရှိနေကြောင်း၊ ယူပီယူ၏ State of the Postal Sector 2024 အစီရင်ခံစာတွင် စာပို့တိုက်လုပ်ငန်းများအနေဖြင့် သမားရိုးကျ စာပို့တိုက်ဝန်ဆောင်မှုများအပေါ်တွင်သာ မှီခိုအားထားနေခြင်းမပြုဘဲ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုဆောင်ရွက်၍ ခေတ်နှင့် လျော်ညီအောင် ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာဈေးကွက်သို့ အောင်မြင်စွာ ချိတ်ဆက်နိုင်မှသာ အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်ပြီး ပြန်လည်ရှင်သန်ဦးမော့လာနိုင်မည် ဖြစ်ကြောင်းနှင့် မကြာသေးမီက ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(ယူပီယူ) ကွန်ဂရက်မှ ချမှတ်ဆောင်ရွက်ခဲ့သည့် Development Strategy များ၊ သဘောတူညီချက်များနှင့် နိုင်ငံတကာမှ စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာတိုးတက်မှုများကို စာပို့တိုက်ကဏ္ဍကြီးကြပ်ဆောင်ရွက်သူ၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ၊ မြန်မာ့စာတိုက်လုပ်ငန်းတို့မှ မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ စာပို့တိုက်ကဏ္ဍ ပြန်လည်ဦးမော့လာနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip များကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် (၅၄)ကြိမ်မြောက် အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ မဝင်းလဲ့ရွှေရည်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်မှ မနှင်းအိရွှေရည်၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ မောင်ဖော်သူရနှင့် အထူးဆုရရှိသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ မမိုးပြည့်စုံကြွယ်တို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အတွက် အကဲဖြတ်ပေးကြသော အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး (၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် စာပို့တိုက်လုပ်ငန်းများ ကာလအလိုက် အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာတမ်းများ၊ လုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**
ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြပြီး စက်မှုသင်တန်းကျောင်းများမှ နည်းပြဆရာ ဆရာမများ၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ရှိ လျှပ်စစ်စစ်ဆေးရေးဌာနနှင့် ဘွိုင်လာစစ်ဆေးရေးဌာနတို့မှ ဆရာ ဆရာမများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စက်မှုဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်းများမှ ဆရာ ဆရာမများကို တန်ဖိုးထားပြီး အလေးထားလေးစား၍ ဂုဏ်ပြုသည့် အခမ်းအနားလည်းဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများသည် သီအိုရီကိုအခြေခံသည့် ပညာရေးမဟုတ်ဘဲ စက်ရုံ၊ အလုပ်ရုံများတွင် ကျွမ်းကျင်စွာဖြင့် လက်တွေ့လုပ်ငန်းဆောင်ရွက်နိုင်သူများကို လေ့ကျင့်မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများရှိ နည်းပြဆရာ ဆရာမများသည် စက်မှုကဏ္ဍ၏ လိုအပ်ချက်အပေါ်အခြေခံ၍ လက်တွေ့အခြေခံသဘောတရားများကို လေ့ကျင့်သင်ကြားသူ၊ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရမည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်သူများဖြစ်အောင် လေ့ကျင့်ပေးသူများဖြစ်ကြောင်း။

နည်းပြ ဆရာ ဆရာမများသည် သက်ဆိုင်ရာနည်းပညာအထူးပြုဘာသာရပ်များကို ကျွမ်းကျင်သူများ ဖြစ်သည့်အပြင် ကျောင်းသား ကျောင်းသူများအား ပညာရပ်များကို ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်သင်ကြားသူ၊ သင်တန်းသားများ၏ စဉ်းစားနိုင်စွမ်းကို ဖော်ထုတ်ပေးသူ၊ ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိသူအဖြစ် ပြောင်းလဲပေးသူ၊ သင်တန်းသားများ၏ လူမှုရေးကျွမ်းကျင်မှု၊ ဆက်ဆံပြောဆိုမှုစွမ်းရည်နှင့် တာဝန်ယူမှု စိတ်ဓာတ်တို့ကို ဖော်ဆောင်ပေးသူများဖြစ်ကြောင်း၊ နည်းပြဆရာ ဆရာမများသည် ပြောင်းလဲနေသည့် နည်းပညာများကို ရရှိအောင် ကိုယ်တိုင်လေ့လာ၍ ပြန်လည်သင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နည်းပြဆရာ ဆရာမများအနေဖြင့် Industry 4.0 သို့ ပြောင်းလဲနိုင်ရေးအတွက် ဦးဆောင်သူများဖြစ်သည့်အပြင် သင်တန်းသားတစ်ဦးချင်းစီ၏ အနာဂတ်ကို ဖန်တီးသူ၊ နိုင်ငံတစ်နိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသူများဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ Teacher of the Year ဆုရရှိသူနှစ်ဦးအား ဆုများချီးမြှင့်ပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ နည်းပြဆရာ ဆရာမများအား အမှတ်တရဂုဏ်ပြု Postcard များပေးအပ်ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**
မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ စစ်ရေးပြကွင်း၌ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ် တက်လွင်ထွန်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုပြီး သစ္စာလေးချက်ရွတ်ဆိုသည်။

ထို့နောက် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ် တက်လွင်ထွန်းက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် (၄)နှစ်မြောက် ကမ်းခြေစောင့်တပ်ဖွဲ့ တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် ယာယီခန်းမဆောင်တွင် ကျင်းပရာ ၂၀၂၄ - ၂၀၂၅ ခုနှစ် တစ်နှစ်တာကာလအတွင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ တစ်နှစ်တာကာလအတွင်း အကောင်းဆုံးလိုင်းဆုနှင့် လိုင်းခန်းဆုများရရှိသော တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်ဂုဏ်ပြုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့၏ တပ်ဖွဲ့ဖွဲ့စည်းခြင်း (၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။



အခမ်းအနားသို့ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နယ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် (အပေါ်ပုံ) ယနေ့သည် ကမ်းခြေစောင့်တပ်ဖွဲ့၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပြီး နိုင်ငံတော်၏မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေး လုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာမှု အထောက်အကူပေးရေး လုပ်ငန်းများဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)အား အထောက်အကူပြုနိုင်ရန် စသည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။



ရေကြောင်း အကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်သွားရမည့် တပ်ဖွဲ့ဖြစ်သည်ကို လေးနက်စွာ နားလည်သဘောပေါက်ခံယူထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပင်လယ်ရေကြောင်းတရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးအင်အား တောင့်တင်းလာစေရန် တည်ဆောက်ရေး စသည့် လုပ်ငန်းများ၌ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း၊ ထို့ပြင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာ ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များ၌ အဖြူရောင်သံတမန်(White Hull Diplomat) အဖြစ်လည်း ရည်မှန်းချက်ထားရှိ ဆောင်ရွက်သွားရန်လိုကြောင်း။

ကမ်းခြေစောင့် တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၇ ရက်တွင် နိုင်ငံတော်အစိုးရက အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ အကာအကွယ်ပေးမှုနှင့် လက်တွေ့ကျင့်သုံးနိုင်မှုများ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေတွင် ပြဋ္ဌာန်းထားရှိကြောင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် တည်ဆဲရေကြောင်းဥပဒေများ အတိုင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများ ပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် ဆက်စပ်ကျင့်သုံးရမည့် ရေကြောင်းဆိုင်ရာ ဥပဒေများကိုလည်း စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုပြီး (အောက်ဝဲပုံ) ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကမ်းခြေစောင့်တပ်ဖွဲ့ ဆိပ်ခံဇေတတ်တားတွင် ဆိုက်ကပ်ထားသည့် ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်ပေါ် တက်ရောက်လေ့လာကြည့်ရှုပြီး ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အားလုံး ကမ်းခြေစောင့်တာဝန်ထမ်းဆောင်နိုင်ရန် အမြဲအသင့်ရှိနေစေရေး မှာကြားသည်။

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်များသည် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းခြေစောင့်တာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၌ လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမျက်နှာစာ၌ လူမှုဖူလုံရေးအဖွဲ့- သုခမင်္ဂလာရောဂါရှာဖွေရေး ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) ဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပြန်ကြားရေးဝန်ကြီးဌာနမှ အာမခံဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မှတ်ပုံတင်စာရင်းသွင်းခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် အထွေထွေကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။ (ယာပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူမှုဖူလုံရေး ရွေ့လျားဆေးကုသယာဉ်ပေါ်၌ ဓာတ်ခွဲစစ်ဆေးခြင်း၊ နှလုံး ECG စစ်ဆေးခြင်း၊ သွေးစစ်ခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်ခြင်းဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေး ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ်၊ ပြင်ပလူနာ ကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်းနှစ်ခန်း၊ ဌာနကြီးဆေးခန်းလေးခန်း၊ သားဖွားမီးယပ်၊ ပြင်ပလူနာကုသမှုဆောင်ရွက်ပေးနေသည့် စာချုပ်ဆေးခန်း ငါးခန်းတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၂၅၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကာ အောက်တိုဘာ ၃၀ ရက်အထိ နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့ဝင် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။






ပတ္တလားတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။




"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် သီဆိုယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဟိန်းဇေယျာ တီးခတ်ယှဉ်ပြိုင်စဉ်။

## သီဆိုယှဉ်ပြိုင်

ယနေ့တွင် **"မဟာဂီတ" တေးသီချင်း** အဆိုပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆင့်ရရင့် ငယ်လေ (ပတ်ပျိုး)" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပပဝင်းဝင်း (ပတ်ပျိုး)" သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမ) အဆင့်** ပြိုင်ပွဲကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မရှေးမြာနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မဖူးပွင့်ကဗျာနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖူးပြည့်သဇင်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မယွန်းပြည့်ဝေနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မချိုချိုအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မချောစုသွယ်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မသွန်းသက်မှူးစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မပန်ဆုပြည့်ကျော်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မဟန်သီဦးနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မနန်းမိုးစက်စက်ဝင်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မယိမ်းဆွမ့်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မယွန်းဝေဝေလွင်နှင့်အဖွဲ့နှင့် မကွေးတိုင်းဒေသကြီးမှ မထွန်းရတနာပိုနှင့် အဖွဲ့တို့က ကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက်ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကအဖွဲ့က ထားဝယ်ရိုးရာ ယန်းအကကို စံပြအနေဖြင့် ဦးစွာ ကပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များဖြစ်သည့် မွန်ပြည်နယ်မှ မောင်ထွန်းထွန်းနိုင်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှမောင်သန်းထွန်းဦးနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မောင်အောင်လှသိန်း နှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မကေသွယ်စိုးနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်သန်းကြွယ်လင်း နှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မမိုးသဲဖြူထွန်းနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်လွင်မိုးသူနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မချစ်မြတ်နိုးဇော်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်စည်သူအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ခန့်လင်းမြတ်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မောင်စံမင်းသူနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသက်မိုစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဝေစိုးနှင့်အဖွဲ့တို့က "ပြည်ထောင်စုအတွက် သမိုင်းပေးသစ္စာ" သီချင်းတေးသွားနှင့် ထားဝယ်ရိုးရာကကြိုးကကွက်များကို ပေါင်းစပ်ကာ မြိုင်မြိုင်ဆိုင်ဆိုင် ကပြယှဉ်ပြိုင်ကြသည်။

## အရေးပြိုင်ပွဲ

ထို့အတူ **အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား/ အမျိုးသမီး** ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ကျောင်းနေစဉ်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီး** ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"လူချွန်လူကောင်းတို့ဂုဏ်ရည်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

## ပတ္တလားအတီးပြိုင်ပွဲ

အလားတူ **ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူရောင်ကွန့် (ဘွဲ့)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ(ကြိုး)" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါ ဟေမာန်(ယိုးဒယား)" သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် **နှဲပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အခြေခံပညာအဆင့်( အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ

စာမျက်နှာ ၁၁ သို့



မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမ)အဆင့်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ ရခိုင်ပြည်နယ်မှ မချိုချိုအောင်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။



အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်စည်သူအောင်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမအားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် Youth Camp မှ လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမ အားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် Youth Camp မှ လူငယ်အလေးမ အားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကါအေး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အလေးမ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အလေးမ ပြိုင်ပွဲ အမြန်မနှင့် နှစ်ဆင့်မပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (၄၈၊ ၅၃၊ ၅၈၊ ၆၃) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (၆ဝ၊ ၆၅၊ ၇၁၊ ၈၈၊ ၉၄+၉၄) ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြပြီးပြိုင်ပွဲများ အပြီးတွင် အမျိုးသမီး(၆၃)ကီလိုတန်းနှင့် အမျိုးသား (၉၄) ကီလိုတန်း အမြန်မ၊ နှစ်ဆင့်မပြိုင်ပွဲနှင့် စံချိန်စုစုပေါင်းတို့တွင် မြန်မာပြည်စံချိန်သစ်များတင်နိုင်ခဲ့သည့် သူဇာခင်နှင့် ဝင်းနိုင်ထွန်းတို့ကိုပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ၍ မိမိတို့ ရရှိထားသည့် စံချိန်၊ စံညွှန်းများထက် ပိုမိုကောင်းမွန်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားအားထုတ် လေ့ကျင့်သွားရန်လိုကြောင်း၊ အလေးမ အားကစားနည်းဖြင့် အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန်နှင့် လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ တွင် မျှော်မှန်းထားသည့် ဆုတံဆိပ်များရရှိအောင် ဆက်လက်ကြိုးစား အားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲအတွက် အလေးမအားကစား သမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် Youth Camp မှ လူငယ်အလေးမ အားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲများသို့ နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) နှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း Youth Camp တို့မှ အလေးမ အားကစားသမား စုစုပေါင်းအင်အား ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ ခြင်းလုံးအသင်း အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်အားရုံးအမှတ်(၃၁) ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် နာယက က အဖွဲ့ချုပ်၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေး ပြောကြား၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာ ခြင်းလုံးအသင်း အောင်မြင်မှု ရရှိစေရေးအတွက် ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

---

စာမျက်နှာ ၁၀ မှ

ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ (ဘွဲ့)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လွမ်းဘွဲ့စေ(ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လာချေပြီ(ကြိုး)" သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

## ပလွေပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် **ပလွေပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင် (ဘွဲ့)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ(ကြိုး)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဇယန်နှင့်နွန်းငြား (ကြိုး)" သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

## တီးမှုတ်ယှဉ်ပြိုင်

ထို့အတူ **ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

## ကြည့်ရှုအားပေး

ယနေ့ ပြိုင်ပွဲတတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။




"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မခင်စန္ဒာသိန်း သီဆိုယှဉ်ပြိုင်စဉ်။




အရေးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်အောင်အောင် ယှဉ်ပြိုင်စဉ်။




ပလွေပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်စွမ်းထက်နိုင် တီးမှုတ်ယှဉ်ပြိုင်စဉ်။




နှဲပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်အောင်မျိုးသိန်း တီးမှုတ်ယှဉ်ပြိုင်စဉ်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိပြီး မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာ အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်သွားရေး၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရေး၊ ရွေးကောက်ခံကိုယ်စားလှယ်များ ဘေးကင်းလုံခြုံစွာ မဲဆွယ်စည်းရုံးနိုင်ရေး၊ မဲရုံလုံခြုံရေးနှင့် ဆန္ဒမဲပေးသူများလုံခြုံရေး စနစ်တကျ ဆောင်ရွက်နိုင်ရန်တို့နှင့် စပ်လျဉ်း၍ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော)ခေတ်မီဈေးသစ်ကြီး မကြာမီဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**မန္တလေး အောက်တိုဘာ ၉**

ပြင်ဦးလွင်မြို့၊ သုမင်္ဂလာဈေး(ညံ့တောဈေး)ခြောက်ထပ် အဆင့်မြင့်ဈေးသစ်ကြီး ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြင်ဦးလွင်မြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံ့တော)ခေတ်မီဈေးသစ်ကြီးအား မကြာမီဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လုပ်ငန်းများချောမွေ့စွာဖြင့် အမြန်ဆုံးပြီးစီးရန် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေးနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအပေါ် အချိန်မီပြီးစီးရေး၊ ဆိုင်ခန်းများ စနစ်တကျနေရာချထားရေး၊ ဖွင့်ပွဲအခမ်းအနားဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက တည်ဆောက် ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြရာ ဆွေးနွေးချက်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

၀-၀-၀

## ဆူးတပ်ကြီး(နေပြည်တော်-မြို့သစ်-ကံပြား)လမ်းအား ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**မြို့သစ် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆူးတပ်ကြီး (နေပြည်တော်-မြို့သစ်-ကံပြား) လမ်းအား ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ (မြို့ပြ) ဒေါ်လှဲ့လှဲ့ခိုင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါအရှည်ပေ သုံးဖာလုံ၊ အကျယ် ၁၈ပေ၊ အမြင့် ရှစ်လက်မရှိ ဆူးတပ်ကြီး(နေပြည်တော်-မြို့သစ်-ကံပြား)လမ်းအား ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၅ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နေဘ်လူ**

၀-၀-၀-၀-၀



# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ကြည်ညိုလောင်းလှူ







**မန္တလေး အောက်တိုဘာ ၉**

မန္တလေးရတနာပုံမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၏ (၁၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်ကြီးအတွင်း ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာတော် အပါး (၂၅၆၉)ပါး ၊ သီလရှင် (၂၅၆၉)ပါး တို့အား လောင်းလှူခဲ့ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဓဇာဇောတဓရ ဒေါက်တာဦးကျော်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုလောင်းလှူကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ ကပ်လှူပူဇော်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များနှင့်အတူ ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များ ဆက်ကပ်လောင်းလှူနေမှုကို လှည့်လည်ကြည့်ရှု ကြည်ညိုခဲ့ကြကြောင်းနှင့် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) နိုင်ငံ့ဝန်ထမ်းခန့်အပ်လွှာများ ပေးအပ်

**မန္တလေး အောက်တိုဘာ ၉**

ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(မန္တလေး)မှ စတုတ္ထနှစ် (၁/၂၀၂၅)သင်တန်း ဘွဲ့ရစာမေးပွဲအောင်မြင်ခဲ့ကြပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်သူများအား နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂နာရီက ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် (ပူးတွဲတာဝန်)၊ ပါမောက္ခ ဒေါက်တာ ခင်ဝင်းစိန်က ဆေးရုံများတွင် လုပ်ငန်းခွင်ဝင်ရောက်မည့်သူများကိုမှာကြားပြီး မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မျိုးသန့်ခိုင်က နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းများ မှာကြားသည်။

ထို့နောက် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် (ပူးတွဲတာဝန်)၊ ပါမောက္ခနှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးကိုယ်စား ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုနန္ဒာတို့က နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်လွှာများကို တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။

ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(မန္တလေး)မှ စတုတ္ထနှစ် (၁/၂၀၂၅)သင်တန်း အောင်မြင်သည့် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာ ၂၀ ဦး၊ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာ ၂၉ ဦးနှင့် ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ၂၆ ဦးတို့သည် နိုင်ငံ့ဝန်ထမ်းများအဖြစ် စတင်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)(ဝ၉၃)



## ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်သာကျေးရွာအုပ်စု၊ လယ်သာကျေးရွာ၌ ကျေးရွာမ,တည် ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေ တိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆဋ္ဌမအကြိမ် စီမံကိန်းရန်ပုံငွေ ပြန်လည်ထုတ်ချေးခြင်းကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်မြို့နယ် ဦးစီးမှူး ဒေါ်ဆွေကြည်နိုင်က ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်အကျိုးကျေးဇူး၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ဇာနည်ဝင့်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်မြို့နယ် ဦးစီးမှူးက ကျေးရွာမ,တည် ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမ,တည် ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးအား ငွေကျပ် ၃၀ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးအား ငွေကျပ် ၃ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအား ငွေကျပ် ၁ ဒသမ ၈သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးအား ငွေကျပ် ၇ ဒသမ ၄သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၆ ဦးကို ကျေးရွာမ,တည် ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၄၃သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လှူး**

## ဆီအုန်းသီးနှံ ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးသူနှင့် ထုတ်လုပ်သူများပါဝင်သော ဖိုရမ်များကျင်းပရန် စီစဉ်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၉**

ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုပိုမိုလာစေရန် ဆီအုန်းသီးနှံ ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးသူ၊ ထုတ်လုပ်သူများ ပါဝင်သော ဖိုရမ်များ ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းထံက သိရသည်။

ပြည်တွင်းစားသုံးမှုအတွက် ပြည်ပနိုင်ငံများက စားသုံးဆီ တစ်နှစ်လျှင် တန်ချိန်နှုံခြောက်သိန်းကျော်ခန့် တင်သွင်းနေရခြင်းအား လျှော့ချနိုင်ရန် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံက ဆီစားသုံးမှုများတယ်။ ပြည်တွင်းထုတ်လုပ်မှုကတော့ နည်းနေသေးတယ်။ ဒါ့ကြောင့် ပြည်ပကနေ တင်သွင်းနေရတာဖြစ်ပါတယ်။ လက်ရှိ စိုက်ပျိုးမှုကဏ္ဍမှာလည်း ဆီအုန်းစိုက်ပျိုးမှုက တိုးချဲ့စိုက်ပျိုးဖို့ လိုသေးတယ်။ ဒါ့ကြောင့် ဖိုရမ်တွေ ပြုလုပ်ပြီး အဖြေရှာသွားဖို့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ဆီအုန်းအား ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် လုပ်ဆောင်နေသကဲ့သို့ ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့် သီးနှံများကိုလည်း ပိုမိုစိုက်ပျိုးကာ ဆီထုတ်လုပ်မှု ပိုမိုစေရန်ပြုလုပ်ပြီး ပြည်တွင်းဆီစားသုံးမှုဖူလုံရေးအတွက် လုပ်ဆောင်လျက်ရှိသည်။

စားသုံးဆီထုတ်လုပ်မှုအတွက် ဆီအုန်းသီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးတွင် စမ်းသပ်စိုက်ပျိုးမှုအဖြစ် ဆီအုန်းစိုက်ဧက လေးသိန်းကျော်ကို စိုက်ပျိုးထားရှိကြောင်း၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး စိုက်ပျိုးသင့်သည့်ဒေသဖြစ်သည့် တနင်္သာရီတိုင်းတွင် ပိုမိုတိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းတိုးရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆီအုန်းသီးနှံသည် စိုက်ပျိုးပြီး နှစ်နှစ်ခန့်တွင် အသီးများစတင်သီးပြီး သုံးနှစ်ခန့်တွင် အသီးများကို စတင်ခူးဆွတ်နိုင်ပြီဖြစ်ကြောင်း၊ စတင်အသီးသီးချိန်မှ ၂၅နှစ်အထိ အသီးများကို စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်၊ ရောင်းချနေသော လုပ်ငန်းများနှင့်ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

နေပြည်တော် အောက်တိုဘာ ၉

မီဒီယာများကို AA အကြမ်းဖက်သောင်းကျန်းသူများ ဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရောင်းချနေတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြောကြားလိုပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူများ ဦးစီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင် ရောင်းချနေတဲ့ လုပ်ငန်းတွေဟာ ကျွန်တော်တို့မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အန္တရာယ်သဖွယ်ဖြစ်ပေါ်လျက်ရှိပါတယ်။ AA သောင်းကျန်းသူအဖွဲ့ဟာ မူးယစ်ဆေးဝါးနဲ့ ရပ်တည်နေတဲ့အဖွဲ့အစည်းဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်အရင်ကလည်း ပြောပြီးဖြစ်ပါတယ်။ အခုလည်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်ဖြန့်ဖြူးရောင်းချမယ့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိတဲ့ အိုက်စ် ၃၄၃၈ ကီလိုဂရမ်နဲ့ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်တွေကို ပြီးခဲ့တဲ့ စက်တင်ဘာလနောက်ဆုံးပတ်က ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုနဲ့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို မလိုလားတဲ့ တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးချက်အရ မူးယစ်ဆေးဝါးတွေကို ရှမ်းပြည်နယ်ဘက်ကနေ အဲဒီကမှ ရန်ကုန်မြို့ကတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်မယ့်အကြောင်း သိရှိရတဲ့အတွက် ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုတွေ လုပ်ခဲ့ပါတယ်။ ဒီအတွက်ကြောင့် လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးသွား ကားလမ်းပေါ်မှာ ယာဉ်မောင်းအောင်ခန့်ကျော်မောင်းနှင်ပြီး ယာဉ်နောက်လိုက် ထက်ဝေဖြိုးလိုက်ပါလာတဲ့ယာဉ်ပေါ်ကနေ အိုက်စ် ၁၄၃၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူတွေရဲ့ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးသယ်ဆောင်မယ့်ကိစ္စကို ချိတ်ဆက်ပေးတဲ့ သူတွေအပြင် ထပ်မံပြီး ထန်းတပင်မြို့နယ်၊ စည်ပင်သာကျေးရွာက ဇော်လင်းနဲ့ စောဇင်မင်းဟန်တို့အိမ်မှာ သိုလှောင်သိမ်းဆည်းထားတဲ့ အိုက်စ် ၁၉၉၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နဲ့ တရားခံတွေနဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ သုံးခွမြို့နယ် သမစိတ္တကျေးရွာအနီးက ကျော်နိုင်ရဲ့ နေအိမ်ဂိုဒေါင်ကနေ ကက်တမင်း ၂၁၉၈ ကီလိုဂရမ် တန်ဖိုးငွေကျပ် ၁၀၉ ဒသမ ၉ ဘီလီယံခန့်နဲ့ မူးယစ်ဆေးဝါး သယ်ဆောင်ပေးခဲ့တဲ့ ယာဉ်မောင်း/ ယာဉ်မောင်းအကူတွေနဲ့ သယ်ဆောင်ရာမှာ အသုံးပြုခဲ့တဲ့ မော်တော်ယာဉ်တွေကိုလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီမူးယစ်ဆေးဝါးတွေဟာ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသက မူးယစ်ဆေးဝါးတွေဖြစ်ပြီး AA သောင်းကျန်းသူအဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံတွေဖြစ်တဲ့ ရဲဇော်နဲ့ချစ်မင်းတို့က ဝမ်ဟိုင်းကနေတစ်ဆင့် ရမည်းသင်း၊ ရန်ကုန်နဲ့ ရခိုင်ပြည်နယ်၊ အဲဒီကမှ မလေးရှားနိုင်ငံအထိ ပင်လယ်ရေလမ်းကြောင်းကနေ ပို့ဆောင်ဖို့ စီစဉ်ဆောင်ရွက်နေချိန်မှာ အခုလို ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များဟာ ၂၀၁၃ ခုနှစ်လောက်ကစပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ထုပ်ပိုးမှုပုံစံမျိုးစုံနဲ့ သယ်ဆောင်တဲ့နေရာမှာလည်း ဆီဘောက်ဆာကားကို အံဝှက်လုပ်ပြီး သယ်ဆောင်တဲ့အထိ လုပ်ဆောင်ခဲ့ကြပါတယ်။ မူးယစ်ဆေးဝါးကို အမိကကုန်ကူးရောင်းချနိုင်ဖို့အတွက် ပမာဏနည်းနည်းလေးကနေပြီး ကြီးမားတဲ့ပမာဏအထိ သယ်ဆောင်လုပ်ကိုင်နေတာမျိုးတွေ့ရပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ခေါင်းဆောင် ထွန်းမြတ်နိုင်ကိုယ်တိုင်က တာဝန်ပေးစေခိုင်းတဲ့အတွက် ဒီမူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းတွေကို လုပ်နေရတာဖြစ်ကြောင်းကိုလည်း ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူအဖွဲ့ဝင်တွေရဲ့ ထွက်ဆိုချက်တွေမှာ တွေ့နိုင်ပါတယ်။




AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ်မှာ တစ်ကြိမ် ဖမ်းမိခဲ့တဲ့ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅ ဘီလီယံခန့်၊ ၂၀၁၉ ခုနှစ်မှာ လေးကြိမ် ကာလတန်ဖိုးငွေကျပ် ၅၉ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်မှာ တစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀ ဘီလီယံ၊ ၂၀၂၃ ခုနှစ်မှာ နှစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၅၅ ဒသမ ၈၇ ဘီလီယံ၊ ၂၀၂၄ ခုနှစ်မှာ နှစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၂၂ ဘီလီယံခန့်နဲ့ အခု ၂၀၂၅ ခုနှစ်အတွင်းမှာ ၆ ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀၀၃ ဒသမ ၉၃ ဘီလီယံခန့်ဖြစ်ပြီး **၂၀၁၅ ခုနှစ်ကနေ ယခုအချိန်အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု စုစုပေါင်း ၁၆ ကြိမ်တိတိရှိခဲ့ပါတယ်။ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၂၃၃ ဒသမ ၆၇ ဘီလီယံအထိ ဖမ်းဆီးရမိခဲ့ပါတယ်။** ဒီပမာဏကိုကြည့်ရင် ဘယ်လောက်အန္တရာယ်များကြောင်း တွေ့နိုင်မှာဖြစ်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်မှာ သူတို့ထိန်းချုပ်ထားတဲ့ နေရာတွေကနေတစ်ဆင့် ဒေသတွင်းနေရာများကို ဘယ်လောက်အထိ မူးယစ်ဆေးဝါးတွေ ပို့ဆောင်နေခဲ့ကြောင်း ထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်က AA သောင်းကျန်းသူအဖွဲ့နဲ့ ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာဆိုရင် AA သောင်းကျန်းသူအဖွဲ့ဝင် ဗိုလ်အဆင့်ရှိတဲ့ ထွန်းလင်း(ခ)ပြုံးချို၊ ဒုတိယဗိုလ်အဆင့်ရှိတဲ့ နေလင်းထွန်း(ခ)နောနော်(ခ) ကျော်စိုးနဲ့ ဒုတိယဗိုလ်အဆင့်ရှိသူ စိုးထွန်း၊ တပ်ကြပ်ကြီးအဆင့်ရှိသူ ကျော်ဟန်၊ တပ်သားအဆင့်ရှိတဲ့ ကျော်လင်းဆန်းနဲ့ တပ်သားအဆင့်ရှိတဲ့ ဦးထွန်းနတို့ ခြောက်ဦး ပါဝင်ခဲ့ပါတယ်။ သူတို့ကို ကျွန်တော်တို့ စနစ်တကျစစ်ဆေးဖော်ထုတ်တဲ့အခါမှာ AA သောင်းကျန်းသူအဖွဲ့ခေါင်းဆောင်ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ AA သောင်းကျန်းသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး(ခ) သားသား(ခ) ဝေသာထွန်းက ဦးစီးပြီး စီမံခန့်ခွဲလုပ်ဆောင်နေကြောင်း ထွက်ဆိုချက်တွေအရ တိကျစွာသိရှိရပါတယ်။ ဒီလိုပါပဲ နောက်ပိုင်း ဖမ်းမိတဲ့ကိစ္စတွေမှာလည်း AA သောင်းကျန်းသူအဖွဲ့နဲ့ ပတ်သက်တဲ့သူတွေ၊ AA သောင်းကျန်းသူအဖွဲ့ဦးစီးပြီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေသူတွေသာ ဖြစ်ပါတယ်။

AA သောင်းကျန်းသူအဖွဲ့တွေဟာ ဒေသခံတွေကို ငွေကြေးနဲ့ မက်လုံးပေးပြီး မူးယစ်ဆေးဝါးတွေကို သယ်ဆောင်စေပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ဒေသခံတွေကို ရောင်းချတာအပြင် နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရေလမ်းကြောင်းကနေတစ်ဆင့် အခြားနိုင်ငံတွေကိုလည်း အဆင့်ဆင့်ချိတ်ဆက်ပို့ဆောင်ရောင်းချနေတာတွေ့ရပါတယ်။ ဒါတွေကို ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (BGB)ရဲ့ ရာမူးစစ်ဌာနချုပ်မှူးကိုယ်တိုင် စက်တင်ဘာလ ၁၅ ရက်နေ့က သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခင်ကတော့ ဒီ ရခိုင်-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ မြန်မာနိုင်ငံရဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့တွေ လုံခြုံရေးဆောင်ရွက်နေတဲ့ အခြေအနေမှာ ဒီလိုကိစ္စတွေကို ကောင်းမွန်စွာကိုင်တွယ်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အခုကတော့ သူတို့လွှမ်းမိုးနေတဲ့နယ်မြေမှာ AA သောင်းကျန်းသူတပ်ဖွဲ့ဝင်တွေကိုယ်တိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အခြားနိုင်ငံတွေကို မူးယစ်ဆေးဝါးတွေ အတားအဆီးမဲ့စွာ တင်သွင်းတင်ပို့နေကြောင်း တွေ့ရတာဖြစ်ပါတယ်။ ဒီလိုပို့ဆောင်ဖြန့်ဖြူးရရှိတဲ့ ငွေတွေကနေတစ်ဆင့် ရိက္ခာ၊ လက်နက်/ ခဲယမ်းတွေ ဝယ်ယူနေခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

AA သောင်းကျန်းသူအဖွဲ့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေကလည်း မူးယစ်ဆေးဝါး သယ်ဆောင်ဖြန့်ဖြူးတဲ့လမ်းကြောင်းမှာ ပါဝင်ပတ်သက်နေပြီး အဲ့ဒီကနေရရှိလာတဲ့ အကျိုးအမြတ်တွေကို မျှော်လင့်ခဲ့ရာကနေပြီးတော့ ပမာဏကြီးကြီးဖမ်းဆီးခံလိုက်ရတဲ့အချိန်ရဲ့ နောက်ကွယ်မှာတော့ ငွေကြေး ကျပ်တည်းမှုတွေနဲ့အတူ စိတ်ဝမ်းကွဲပြားမှုတွေ၊ အလင်းဝင်ရောက်မှုတွေ၊ အချင်းချင်းစွပ်စွဲသတ်ဖြတ်မှုတွေ ဖြစ်ပေါ်နေတာလည်း တွေ့ရပါတယ်။ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးက PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်တွေဟာ တရားဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာမှု ၈၂၃ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အလင်းဝင်ဖို့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ အဖွဲ့တွေလည်းရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၈ ခုနှစ်ကနေ ယခုအထိ EAO တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်း ၂၇ ကြိမ် ကြေညာခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကြောင့် အကြမ်းဖက်ဖြစ်နေတဲ့ PDF အပါအဝင် အခြားအဖွဲ့အစည်းများကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ သုံးကြိမ်တိုင် ဖိတ်ခေါ်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြောချင်တာက AA သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာသာမက မြန်မာနိုင်ငံအတွင်း ဒေသတွင်းနိုင်ငံတွေအထိ လူသားမျိုးနွယ်စုရဲ့အန္တရာယ်ဖြစ်တဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်တာတွေ၊ ဖြန့်ဖြူးတာတွေလုပ်ဆောင်လျက်ရှိတဲ့အပြင် လူမျိုးရေးအကြောင်းပြပြီး သောင်းကျန်းသူအဖြစ်ဆောင်ရွက်လျက်ရှိပါတယ်။ လူမျိုးရေးအကြောင်းပြပြီး ဆောင်ရွက်နေတာဖြစ်ပေမယ့် ရခိုင်လူငယ်တွေပဲ မူးယစ်ဆေးဝါးရဲ့သားကောင်တွေ ဖြစ်ပေါ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအနေနဲ့ ဒီလိုအစွန်းရောက် လုပ်ဆောင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူ Arakan Drug Army (AA မူးယစ်ဆေးဝါးသောင်းကျန်းသူ) များကို ဆန့်ကျင်ဖို့၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် အကျိုးယုတ်စေမယ့်လုပ်ငန်းတွေဖြစ်လို့၊ ဒေသတွင်းနိုင်ငံများကိုပါ အန္တရာယ်ကျရောက်စေမယ့်လုပ်ငန်းတွေဖြစ်လို့ အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့နဲ့ ရရှိလာတဲ့သတင်းများကို တာဝန်ရှိသူများထံ အချိန်မီပေးပို့ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အာရှပလားခြေစစ်ပွဲ(တတိယအဆင့်)အုပ်စုပွဲစဉ်များ အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ဘရူနိုင်း | ၀ - ၂ | ယီမင် |
| ပါကစ္စတန် | ၀ - ၀ | အာဖဂန်နစ္စတန် |
| တီမော | ၁ - ၄ | ဖိလစ်ပိုင် |
| သီရိလင်္ကာ | ၁ - ၀ | တာမင်နစ္စတန် |
| စင်ကာပူ | ၁ - ၁ | အိန္ဒိယ |
| လာအို | ၀ - ၃ | မလေးရှား |
| ထိုင်း | ၂ - ၀ | တရုတ်တိုင်ပေ |
| ဆီးရီးယား | ၅ - ၁ | မြန်မာ |

**နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ရိုမေးနီးယား | ၂ - ၁ | မော်လ်ဒိုဗာ |
| အင်္ဂလန် | ၃ - ၀ | ဝေးလ်စ် |

■ စာမျက်နှာ ၂၄ မှ

ကျောင်းသား ကျောင်းသူ ၁၇၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၂၁ ဦး အထိ ရှိပြီဖြစ်ပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့်ဒေသမှ ကျောင်းသား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၅၇ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာ ငါးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့” မြေစိုက်ပိုစတာ စိုက်ထူ



ပြင်ဦးလွင် အောက်တိုဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် “နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့” မြေစိုက်ပိုစတာကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက မန္တလေး-လားရှိုးလမ်း၊ ဈေးလေးမီးပွိုင့်လမ်းဆုံ၌ စိုက် ထူခဲ့ကြသည်။

ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မန္တလေး-လားရှိုးလမ်း၊ ဈေးလေးမီးပွိုင့်လမ်းဆုံ၌ စိုက်ထူထားသည့် “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့မဲပေးကြပါစို့” မြေစိုက်ပိုစတာကို ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့် ပြင်ဦးလွင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကြိုင်တို့က အမွှေးနံ့သာရည်များပက်ဖျန်းကြပြီး စပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ မြေစိုက်ပိုစတာ စိုက်ထူပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခရိုင်(ပြန်/ဆက်)**


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန်မာ့အလင်း


### ဗုဒ္ဓ ဘုရား ကိုးကွယ်ထား

* ဗုဒ္ဓမြတ်သွန်း
တရားထွန်းသည်
ထင်လွန်းပေါ်လွင်တာ။

* ဗုဒ္ဓမြတ်မည်
ဆုံးမရည်သည်
ယုံကြည်ရှိခိုးပါ။

* ဗုဒ္ဓမြတ်အား
ယုံကြည်ထားသည်
အများကြည်ညိုရာ။

* ဗုဒ္ဓမြတ်ပေ
ဓမ္မ ရေသည်
မြဲလေတိုက်ကျွေးပါ။

* ဗုဒ္ဓမြတ်ခြင်း
မာန်နှိမ်နင်းသည်
လက်ငင်းကောင်းကျိုးဖြာ။

* ဗုဒ္ဓမြတ်ထူး
မုန်းမျှော်ဖူးသည်
ကြည်နူးအခါခါ။

**မြကြာဖြူ(မြစ်ငယ်)**

## ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲ၌ ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် နှိုးဆော်အသိပညာပေးပိုစတာစိုက်ထူပွဲ ကျင်းပ

ပျော်ဘွယ် အောက်တိုဘာ ၉

ပျော်ဘွယ်မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်ရည်ရွယ်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ပိုစတာ စိုက်ထူခြင်းကို အောက်တိုဘာ ၉ ရက် နံနက် ၇ နာရီက ရန်ကုန်-မန္တလေးကားလမ်းမဘေး၊ မီးရထားဘူတာအနီးတွင် စိုက်ထူပေးခဲ့ကြသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့” ဆောင်ပုဒ်ပါဝင်သည့် နှိုးဆော်အသိပညာပေးပိုစတာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက စိုက်ထူပေးကာ အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

အလားတူ အသိပညာပေးပိုစတာကို ရန်ကုန်-မန္တလေးကားလမ်းမဘေး ပြည်သူ့ဆေးရုံအနီးတွင်လည်း စိုက်ထူထားကြောင်း၊ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ပထမအကြိမ် ဆန္ဒမဲစာရင်းကြေညာထားမှုအား သက်ဆိုင်ရာနေရာများ၌ သွားရောက်ကြည့်ရှုရန် တိုက်တွန်းထားကြောင်းလည်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။



**(အပေါ်ယာပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀


ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။


## မိုင်းယောင်းမြို့၌ ပလတ်စတစ်အန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

မိုင်းယောင်း အောက်တိုဘာ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့ နံနက်ပိုင်းက “ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး တာဝန်သိသိ ပူးပေါင်းပါဝင် ဆောင်ရွက်” ခေါင်းစဉ်ဖြင့် ပလတ်စတစ်အန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကို ကျင်းပခဲ့သည်။

အဆိုပါ Talk Show တွင် ရပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းက ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာ့ပြဿနာကြီးတစ်ခု ဖြစ်နေပြီး နှစ်စဉ် ပလတ်စတစ်ထုတ်လုပ်မှုမှာလည်း မြင့်တက်လာလျက်ရှိကြောင်း၊ ထုတ်လုပ်မှုစုစုပေါင်း၏ထက်ဝက်မှာ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပိုက်၊ ပလတ်စတစ်ပုလင်း၊ ကြွပ်ကြွပ်အိတ်၊ ဖော့ဘူး စသည်တို့ အပါအဝင် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများဖြစ်ကြောင်း၊ လွယ်ကူပြီး ပေါ့ပါးခိုင်ခံ့ခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ အလွယ်တကူ စွန့်ပစ်နိုင်ခြင်းတို့ကြောင့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများကို ထိန်းချုပ်မှုကင်းမဲ့စွာ ထုတ်လုပ်သုံးစွဲစွန့်ပစ်နေကြခြင်းဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လျက် ရှိကြောင်း ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် တာဝန်သိစွာ အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**(အောက်ပုံ)**

**(၅၀၅)**

*-*-*-*-*-*

*-*-*-*-*-*-*









## မာ့ခ်ကာဆာဒို၏ ပြောင်းရွှေ့ကြေးကို ယူရို ၃၅သန်းအဖြစ် ဘာစီလိုနာအသင်း သတ်မှတ်

**လန်ဒန် အောက်တိုဘာ ၉**

ဘာစီလိုနာအသင်းသည် အသင်းကွင်းလယ်ကစားသမား မာ့ခ်ကာဆာဒို၏ ပြောင်းရွှေ့ကြေးကို ယူရို ၃၅သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



ကွင်းလယ်ကစားသမား မာ့ခ်ကာဆာဒိုသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၈ ပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။

ဘာစီလိုနာအသင်းကလည်း မာ့ခ်ကာဆာဒိုအတွက် ၄င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် ဘာစီလိုနာအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေပြီး မာ့ခ်ကာဆာဒိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)(NGB)



## ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်အသင်း တက်ရောက်

**လန်ဒန် အောက်တိုဘာ ၉**

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်အသင်းက တက်ရောက်ခဲ့သည်။

ပြင်သစ်အသင်းသည် ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် ဂျပန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် (၁၂၀+၃) မိနစ်တွင် လူကပ်စ်မီချယ်က သွင်းယူပေးခဲ့သည်။

ပြင်သစ်အသင်းသည် ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နော်ဝေအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။(အပေါ်ပုံ)

(NGB)

## နည်းပြ ဂျရတ်အား နည်းပြသစ်အဖြစ် ရိန်းဂျားစ်အသင်း ခန့်အပ်ဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၉**

ရိန်းဂျားစ်အသင်းသည် နည်းပြ ရပ်ဆဲလ်မာတင်အား ရာထူးမှ ထုတ်ပယ်ပြီးနောက် အသင်းနည်းပြသစ်အဖြစ် နည်းပြဟောင်းဖြစ်သူ ဂျရတ်အား ပြန်လည်ခန့်အပ်ဖွယ် ရှိသည်။

အသက်(၄၅)နှစ်အရွယ်ရှိ နည်းပြ ဂျရတ်သည် နည်းပြဘဝတစ်လျှောက်တွင် ရိန်းဂျားစ်၊ အေဗီလာ၊ အယ်လ်အစ်တီဖတ်စသည့် အသင်းများအား ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

နည်းပြ ဂျရတ်အနေဖြင့် ရိန်းဂျားစ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် နည်းပြ ဂျရတ်အား ရိန်းဂျားစ်အသင်းနည်းပြသစ်အဖြစ် ပြန်လည်မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



## တာကောစကီး အဲဗာတန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၉**

အဲဗာတန်အသင်းသည် အသင်းနောက်ခံကစားသမား တာကောစကီးအား ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၃ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တာကောစကီးက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။

(အောက်ပုံ)(NGB)



## ဆီမီညိုကို ခေါ်ယူရန် စပါးနှင့် မန်ယူအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၉**

စပါးအသင်းနှင့် မန်ယူအသင်းတို့သည် ဘုန်းမောက်အသင်းတိုက်စစ်မှူး ဆီမီညိုကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ ပွဲကစားပြီး ၂၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းကလည်း ဆီမီညိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် စပါးအသင်းနှင့် မန်ယူအသင်းတို့အနေဖြင့် ဘုန်းမောက်အသင်းထံမှ ဆီမီညိုအား မည်သည့်အသင်းက ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)





## ဝုဖ်အသင်းက ပီအက်စ်ဂျီအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဝုဖ်အသင်းက ပီအက်စ်ဂျီအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဝုဖ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၇ မိနစ်တွင် ဂူနန်(OG)၊ ပွဲချိန် ၄၂ မိနစ်တွင် အဲလာ၊ ပွဲချိန် မိနစ် ၉၀ တွင် အလက်ဇန္ဒားပေါ့တ်၊ ပွဲချိန် (၉၀+၅)မိနစ်တွင် မီဂန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဝုဖ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် လာမည့် အောက်တိုဘာ ၁၅ ရက်တွင် Valerenga အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Novak Djokovic တက်ရောက်

**ပေကျင်း အောက်တိုဘာ ၉**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ၊ ကွာတားဖိုင်နယ်အဆင့်သို့ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic သည် 2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စပိန်တင်းနစ်ကစားသမား Jaume Munar အား ၆-၃၊ ၅-၇၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား Zizou Bergs တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အောက်ပုံ)

(NGB)



### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၁၀-၂၀၂၅ သောကြာနေ့ | ညနေ၄း၅၀နာရီ | ဂျပန် - ပါရာဂွေး |
| ။ | ညနေ၅း၃၀နာရီ | တောင်ကိုရီးယား - ဘရာဇီး |
| ။ | ည၇း၁၅နာရီ | ဥရုဂွေး - ဒိုမီနီကန် |
| ။ | ည၁၀း၃၀နာရီ | ဘိုလီးဗီးယား - ဂျော်ဒန် |
| ။ | ည၁၁း၃၀နာရီ | ရုရှား - အီရန် |
| ၁၁-၁၀-၂၀၂၅ စနေနေ့ | နံနက်၀၅း၃၀နာရီ | ချီလီ - ပီရူး |
| ။ | နံနက်၆း၀၀နာရီ | ကနေဒါ - ဩစတြေးလျ |
| ။ | နံနက်၆း၃၀နာရီ | အာဂျင်တီးနား - ဗင်နီဇွဲလား |
| ။ | နံနက်၀၇း၀၀နာရီ | အမေရိကန် - အီကွေဒေါ |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ-အုပ်စုအဆင့် ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၀-၁၀-၂၀၂၅ သောကြာနေ့ | ည၁း၃၀နာရီ | J | ကာဇက်စတန် - လစ်ချီစတိန်း | လစ်ချီစတိန်း ၀-၂ ကာဇက်စတန် |
| ၁၁-၁၀-၂၀၂၅ စနေနေ့ | နံနက်၀၁း၄၅နာရီ | J | ဘယ်လ်ဂျီယံ - မြောက်မက်ဆီဒိုနီးယား | မြောက်မက်ဆီဒိုနီးယား ၁-၁ ဘယ်လ်ဂျီယံ |
| ။ | ။ | D | ပြင်သစ် - အဇာဘိုင်ဂျန် | —— |
| ။ | ။ | A | ဂျာမနီ - လူဇင်ဘတ် | —— |
| ။ | ။ | D | အိုက်စလန် - ယူကရိန်း | —— |
| ။ | ။ | B | ကိုဆိုဗို - ဆလိုဗေးနီးယား | —— |
| ။ | ။ | A | မြောက်အိုင်ယာလန် - ဆလိုဗက်ကီးယား | —— |
| ။ | ။ | B | ဆွီဒင် - ဆွစ်ဇာလန် | —— |

# ပြင်သစ်ဝန်ကြီးချုပ်အသစ်ကို ၄၈ နာရီအတွင်း မာခရွန်ခန့်အပ်မည်



**ပဲရစ် အောက်တိုဘာ ၉**

ပြင်သစ်သမ္မတ အီမန်နျူယယ် မာခရွန်သည် ၎င်း၏ သမ္မတသက်တမ်းအတွင်း အဆိုးဆုံးနိုင်ငံရေး အကျပ်အတည်းမှ ရုန်းထွက်ရန် နောက်ဆုံးအားထုတ်မှုအဖြစ် ၄၈ နာရီအတွင်း ဝန်ကြီးချုပ်အသစ်တစ်ဦးကို ခန့်အပ်မည်ဟု ၎င်း၏ရုံးက ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါ ကြေညာချက်သည် ရာထူးမှ ထွက်ခွာတော့မည့် ဝန်ကြီးချုပ်ဟောင်း ဆီဘက်စ်တီယန်လီကော်နူက နိုင်ငံ၏ နိုင်ငံရေး လမ်းပိတ်ဆို့မှုကို ဖြေရှင်းရန်အတွက် ပါတီခေါင်းဆောင်များနှင့်နှစ်ရက်ကြာ နောက်ဆုံးအကြိမ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်သည်။

သမ္မတအိမ်တော် အီလီဇေးရုံးက ထုတ်ပြန်သော ကြေညာချက်တွင် လီကော်နူ၏ ပါတီအသီးသီးနှင့် ဆွေးနွေးမှုများအရ လွှတ်တော်အမတ်အများစုသည် လွှတ်တော်ကို ဖျက်သိမ်းကာ ကြိုတင်ရွေးကောက်ပွဲ ကျင်းပရန် သဘောမတူကြောင်း၊ ထို့အပြင် တည်ငြိမ်မှုအတွက် အခြေခံအုတ်မြစ် ရှိနေသဖြင့် ယခုနှစ်ကုန်တွင် အစိုးရအသုံးစရိတ်ကို အတည်ပြုနိုင်ဖွယ်ရှိကြောင်း ကောက်ချက်ချခဲ့သည်။

အဆိုပါ ကြေညာချက်တွင် "ဤအခြေခံပေါ်တွင် သမ္မတသည် နောက် ၄၈ နာရီအတွင်း ဝန်ကြီးချုပ်တစ်ဦးကို ခန့်အပ်မည်" ဟု ဖော်ပြပါရှိသည်။

ယင်းကြေညာချက် မထုတ်ပြန်မီက မာခရွန်သည် လီကော်နူကို ပြန်လည်ခန့်အပ်မည်လား သို့မဟုတ် အစားထိုးသူကို ခန့်အပ်မည်လား၊ ရွေးကောက်ပွဲအမြန်ကျင်းပမည်လား သို့မဟုတ် ကိုယ်တိုင်ပင်ရာထူးမှ နုတ်ထွက်မည်လား ဆိုသည်မှာ မရှင်းလင်းဘဲ ဝေဝါးနေခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

# ကုန်သွယ်ရေးအတားအဆီးများနှင့် စီးပွားရေးအားနည်းလာခြင်းတို့ကြောင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးတိုးတက်မှု နှေးကွေးလာစေနိုင်

**တိုကျို အောက်တိုဘာ ၉**

အရှေ့အာရှနှင့် ပစိဖိတ်ဒေသသည် ကမ္ဘာ့ဒေသအများစု၏ စီးပွားရေးတိုးတက်မှုကို ဆက်လက်ကျော်လွှန်နေသော်လည်း ကုန်သွယ်ရေး အတားအဆီးများ မြင့်တက်လာမှု၊ ကမ္ဘာလုံးဆိုင်ရာ မရေရာမှုများ အားကောင်းလာခြင်းနှင့် ထိုအရှိန်အဟုန်ကို နှေးကွေးစေနိုင်သည်ဟု ကမ္ဘာ့ဘဏ်က သတိပေးလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ချေးငွေ ထုတ်ချေးသောအဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ဘဏ်သည် အောက်တိုဘာ ၇ ရက်က ထုတ်ပြန်သည့် အရှေ့အာရှနှင့် ပစိဖိတ် စီးပွားရေးဆိုင်ရာ နောက်ဆုံးအစီရင်ခံစာတွင် ယခုနှစ်အတွက် ဒေသတွင်း၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန်တိုးတက်မှု ခန့်မှန်းချက်ကို ၄ ဒသမ ၈ ရာခိုင်နှုန်းသို့ မြှင့်တင်ခဲ့ပြီး ၎င်းသည် ယမန်နှစ်က ၅ ရာခိုင်နှုန်းအောက် အနည်းငယ် လျော့နည်းနေသည်။

ကမ္ဘာ့ဘဏ်၏ နောက်ဆုံးအစီရင်ခံစာက လက်လီရောင်းအားများ တိုးလာနေသော်လည်း စားသုံးသူယုံကြည်မှုသည် ကိုဗစ်-၁၉ မတိုင်မီ အဆင့်များသို့ ပြန်လည် ရောက်ရှိရန် လိုအပ်နေသေးကြောင်း တွေ့ရှိခဲ့သည်။

စက်မှုထုတ်လုပ်မှုမှာ အားကောင်းနေဆဲဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်ဓာတ်မှာ အားလျော့နေကြောင်းလည်း အဆိုပါ အစီရင်ခံစာ၌ ဖြည့်စွက်တင်ပြထားသည်။

မကြာသေးမီက အခွန်စည်းကြပ်မှုများ မြင့်တင်ခြင်းမပြုမီတွင် ဒေသတွင်း၌ ပို့ကုန်များ အရှိန်ရခဲ့သော်လည်း ပို့ကုန်အော်ဒါအသစ်များမှာ အားနည်းနေခဲ့ကြောင်း သိရသည်။ Mon



# လေယာဉ်ပျံတက်ပြီးနောက် ခရီးသည်ထိုင်ခုံအောက်ရှိ ဘက်ထရီအားသွင်းကိရိယာမှ မီးခိုးများထွက်လာ

**တိုကျို အောက်တိုဘာ ၉**

အောက်တိုဘာ ၉ ရက် အိုကီနာဝါမှ တိုကျိုရှိ ဟာနဲဒါ လေဆိပ်သို့ပျံသန်းသော အောနီပွန် အဲဝေးလေယာဉ်အတွင်း ခရီးသည်ထိုင်ခုံအောက်ရှိ အိတ်ဆောင်ဘက်ထရီအားသွင်းကိရိယာမှ မီးခိုးများထွက်လာခဲ့ကြောင်း သိရသည်။

ခရီးသည်တစ်ဦးမှ မီးခိုးထွက်နေသည့် ဘက်ထရီအားသွင်းကိရိယာကို ရေဘူးမှရေဖြင့် ငြိမ်းသတ်ခဲ့ပြီး တစ်စုံတစ်ယောက်မျှ ဒဏ်ရာ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။ အဆိုပါလေယာဉ်သည် နာဟာလေဆိပ်မှ ပျံတက်ပြီးမကြာမီ နံနက် ၁၁ နာရီဝန်းကျင်တွင် ယခုလိုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်အရ သိရသည်။ လေယာဉ်အမှုထမ်းများသည် လေယာဉ်ပျံတက်ချိန် ၎င်းတို့ထိုင်ခုံများတွင် ခါးပတ်များပတ်ထားဆဲဖြစ်ပြီး မီးခိုးများထွက်လာရာနေရာအနီးမှ ခရီးသည်သည် ရေဘူးမှရေဖြင့် ငြိမ်းသတ်ခဲ့သည်။

ဘက်ထရီအားသွင်းကိရိယာမှ မီးခိုးများ ထပ်မံမထွက်တော့ကြောင်း လေယာဉ်အမှုထမ်းများက အတည်ပြုပြီးနောက် လေယာဉ်ခရီးစဉ်ကို ချောချောမွေ့မွေ့ ပျံသန်းနိုင်ခဲ့သည်။ လေယာဉ်ပေါ်လိုက်ပါလာသည့် ၃၆၅ ဦးစလုံး ဒဏ်ရာရရှိခဲ့ခြင်းမရှိချေ။ အဆိုပါဘက်ထရီအားသွင်းကိရိယာကို လစ်သီယံဘက်ထရီဖြင့် ပြုလုပ်ထားသည်။ ခရီးသည်များအနေဖြင့် ၎င်းတို့၏ လက်ဆွဲအိတ်အတွင်း ဘက်ထရီအားသွင်းကိရိယာကို သတ်မှတ်ထားသည့် ဓာတ်အားပမာဏအတွင်း ယူဆောင်ခွင့်ပြုထားသည်။

ဘက်ထရီအားသွင်းကိရိယာကို အပေါ်ဘက်ဗီရိုထဲတွင်မထားဘဲ လက်လှမ်းမီသည့်နေရာတွင်သာထားရန် ဂျပန်သယ်ယူပို့ဆောင်ရေးဌာနနှင့် လေကြောင်းလိုင်းတို့က အကြံပြုထားသည်။ ဒစ်ဂျစ်တယ်ပစ္စည်းများအားသွင်းနေစဉ် မျက်ခြည်မပြတ် စောင့်ကြည့်ရန်လည်း အကြံပြုထားသည်။ အင်န်အိတ်ချ်ကေ

# ဖိလစ်ပိုင်မြောက်ပိုင်း တောင်ပေါ်မြို့တစ်မြို့အနီးတွင် ငလျင်လှုပ်သဖြင့် အဆောက်အအုံများထဲမှ လူများပြေးထွက်

**မနီလာ အောက်တိုဘာ ၉**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းရှိ လူပေါင်း သိန်းချီနေထိုင်သော တောင်ပေါ်မြို့တစ်မြို့အနီးတွင် အောက်တိုဘာ ၉ ရက်က အလယ်အလတ်အင်အားရှိ ငလျင်လှုပ်ခဲ့ရာ အဆောက်အအုံများထဲမှ လူများပြေးထွက်ခဲ့ရပြီး စာသင်ကျောင်းများကို ပိတ်ပစ်ခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် လူပေါင်း ၇၀ ကျော် သေဆုံးစေခဲ့သော အင်အားပြင်း ငလျင်လှုပ်ပြီးနောက် ၁၀ ရက်အကြာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၀ မိနစ်တွင် ယင်းငလျင်ထပ်မံလှုပ်ရှားခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်သောအခါ လူဦးရေ ၃၆၆၀၀၀ ခန့်ရှိသော အဆိုပါမြို့ရှိ ဝန်ထမ်းများသည် ရုံးအဆောက်အအုံများမှ အပြင်ဘက်သို့ အလျင်အမြန် ပြေးထွက်ခဲ့ကြရသည်။

အစောပိုင်းတွင် အစိုးရ၏ ငလျင်တိုင်းတာရေးရုံးက ငလျင်ပြင်းအားကို ၄ ဒသမ ၈ ရစ်ချ်တာစကေးဟု သတ်မှတ်ခဲ့ပြီး "ပျက်စီးမှုများဖြစ်နိုင်သည်" ဟု ပြောကြားခဲ့သော်လည်း နောက်ပိုင်းတွင် ပြင်းအားကို ၄ ဒသမ ၄ ရစ်ချ်တာစကေးသို့ လျှော့ချခဲ့ကြောင်း သိရသည်။ Mon

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# အဲလ်ဘတ်အိုင်းစတိုင်း ပိုင်ဆိုင်ခဲ့သော တယောတစ်လက်ကို ဂလော့စတာရှိုင်းယားလေလံပွဲ၌ ပေါင် ၈၆၀၀၀၀ဖြင့် ရောင်းချ



**လန်ဒန် အောက်တိုဘာ ၉**

သမိုင်းတစ်လျှောက် အထင်ရှားဆုံး သိပ္ပံပညာရှင်များထဲမှ တစ်ဦးဖြစ်သည့် အဲလ်ဘတ်အိုင်းစတိုင်း ပိုင်ဆိုင်ခဲ့သော တယောတစ်လက်ကို ယမန်နေ့က အင်္ဂလန်နိုင်ငံ အနောက်တောင်ပိုင်း ဂလော့စတာရှိုင်းယားနယ်တွင် ပြုလုပ်သည့် လေလံပွဲ၌ စတာလင်ပေါင် ၈၆၀၀၀၀ ဖြင့် ရောင်းချခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၁၈၉၄ ခုနှစ်ထုတ် ဇန်တာရာတယောသည် အိုင်းစတိုင်း၏ ပထမဆုံးတယောဟု ယူဆရပြီး ဂလော့စတာရှိုင်းယားရှိ ဒိုမီနစ် ဝင်းတားလေလံဌာန၌ လေလံတင်ရောင်းချစဉ် ပေါင် ၃၀၀၀၀၀ ခန့်သာ ရရှိမည်ဟု စတင်မျှော်မှန်းခဲ့သည်။

အိုင်းစတိုင်းက သူငယ်ချင်းတစ်ဦးကို လက်ဆောင်ပေးခဲ့သည့် ဒဿနိကဗေဒ စာအုပ်တစ်အုပ်ကိုလည်း ပေါင် ၂၂၀၀ ဖြင့် ယင်းလေလံပွဲ၌ ရောင်းချခဲ့ရသည်။

ကော်မရှင် ထပ်ပေါင်းပြီးပါက အဆိုပါ ရောင်းချမှုသည် ဖျော်ဖြေပွဲ တယောပညာရှင်တစ်ဦးမှ ပိုင်ဆိုင်ခဲ့ခြင်းမရှိသည့် သို့မဟုတ် စတြာဒီဗေးရီးယပ်စ် ပြုလုပ်ထားခြင်းမဟုတ်သည့် တယောများအတွက် အမြင့်ဆုံး စံချိန်တင်ရောင်းချမှု ဖြစ်နိုင်ကြောင်း လေလံအဖွဲ့ဝင်များက ယုံကြည်ကြသည်။

ဒိုမီနစ် ဝင်းတားလေလံဌာန၏ ဝါရင့်လေလံပွဲကြီးကြပ်သူနှင့် သမိုင်းဝင်အမှတ်တရပစ္စည်း အထူးကျွမ်းကျင်သူ ခရစ်အဲလ်ဘူရီက ၁၀ မိနစ်ခန့်အတွင်း ပြီးစီးခဲ့သော ယင်းရောင်းချမှုကို "အထူးခြားဆုံး အခိုက်အတန့်" အဖြစ် ဖော်ပြခဲ့ကြောင်းသိရသည်။

Mon

STOP AIDS

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး ဆောင်ရွက်



**အောင်လံ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် လိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ယနေ့ နံနက် ၇ နာရီမှစတင်၍ လုပ်ဆောင်ခဲ့သည်။

ထိုသို့ လျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်လွင်ဦး ဦးဆောင်သော ဝန်ထမ်းများက မြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးတို့အတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မျိုးသိန်း(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ အနောက်တောင်ပိုင်းရပ်ကွက်တွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်များက စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့စဉ်။ (ကဆ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရေနံစိမ်းများ တရားမဝင်သယ်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

**မကွေး အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၌ ရေနံစိမ်းများ တရားမဝင်သယ်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထား သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ မင်းဘူးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ပေါက်ပင်ကွင်းကျေးရွာနှင့် ရေတွင်းကုန်း ကျေးရွာချင်းဆက်လမ်းအရောက်၌ ပေါက်ပင်ကွင်း ကျေးရွာဘက်မှ မင်းဘူးမြို့နယ်၊ သီးကုန်းကျေးရွာနေ တင်ဇော်ဦး (၅၂)နှစ်နှင့် အမှတ်(၃)ရပ်ကွက်နေ အောင်သူ(၃၆)နှစ်တို့ နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ တင်ဇော်ဦး မောင်းနှင်လာသည့် 50W----- STAR HONDA 110 ဆိုင်ကယ်ပေါ်တွင် ရေနှင့် ရေနံစိမ်းရောရာ ငါးဂါလန်ခန့်ပါ ကော်ပုံးတစ်ပုံးကိုလည်းကောင်း၊ အောင်သူ မောင်းနှင်သည့် 26W ----- YINXIANG 110 ဆိုင်ကယ်ပေါ်တွင် ရေနှင့်ရေနံစိမ်းရောရာ ၁၀ ဂါလန်ခန့်ပါ ပီနံအိတ် တစ်အိတ်ကိုလည်းကောင်း အသီးသီး တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား စစ်မေးခဲ့ရာ သိမ်းဆည်းရမိသည့်ပစ္စည်းများမှာ ထောက်ရှာပင် ရေနံမြေအတွင်းမှ ခိုးယူသယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တင်ဇော်ဦးနှင့် အောင်သူတို့ နှစ်ဦးအား မင်းဘူးမြို့မရဲစခန်းတွင် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဓားဦးချွန် ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တို့၌ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်က ဓားဦးချွန်ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် ည ၁၂ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နှစ်ကျိပ်ရှစ်ဆူ သီတင်းကျွတ်ဘုရားပွဲ လှည့်လည်ဖျော်ဖြေရေးပွဲအား လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ် ဇေယျာသီရိမြို့နယ်၊ ကြို့ပင်ကျေးရွာနေ သန့်ဇင်လတ်(၃၅)နှစ်အား အရိုး၊ အသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်ထားသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရွာကောက်နယ်မြေရဲစခန်းတွင် လက်နက်ဥပဒေပုဒ်မဖြင့်လည်းကောင်း၊ ပျဉ်းမနားမြို့နယ်၊ သဲကုန်းကျေးရွာနေ ကျော်ထက်(၄၆)နှစ်အား အရိုး၊ အသွား ၈ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်ထားသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရွာကောက်နယ်မြေရဲစခန်းတွင် လက်နက်ဥပဒေပုဒ်မဖြင့်လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ သာယာကုန်းကျေးရွာနေ လင်းလင်း(၃၀)နှစ်အား အရိုး၊ အသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်ထားသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရွာကောက်နယ်မြေရဲစခန်းတွင် လက်နက်ဥပဒေပုဒ်မဖြင့်လည်းကောင်း၊ အလားတူ အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အမရပူရမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်လမ်းမပေါ်၌ လမ်းလျှောက်လာသူ ဝင်းမင်းထက်(ခ)ထက်ကြီး(၄၂)နှစ်အား မသင်္ကာတွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ၎င်း၏ခါးကြားမှ အရိုး၊ အသွား ၉ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အမရပူရမြို့မရဲစခန်းတွင် လက်နက်ဥပဒေပုဒ်မဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လယ်ဝေးမြို့နယ်တွင် ပစ္စည်းအဟောင်းဂိုထောင် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၌ အောက်တိုဘာ ၇ ရက် နံနက် ၅ နာရီ ၃၂ မိနစ်ခန့်က ပိုင်ရှင် ဦးကျော်သူ၏ ပေ(၄၀×၆၀)၊ သွပ်မိုး၊ အုတ်ကာ တစ်ထပ် ပစ္စည်းအဟောင်းထားသည့် ဂိုထောင်တွင် ညစောင့် မင်းသန့်ဇင်(၂၀)နှစ်သည် ခြင်ဆေးခွေထွန်းထားရာမှ အနီးရှိ ကတ်ထူပြားသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဒက္ခိဏခရိုင်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ရှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၁၁ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပေ(၄၀×၆၀)၊ သွပ်မိုး၊ အုတ်ကာ တစ်ထပ် ပစ္စည်းအဟောင်းဂိုထောင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူအား လယ်ဝေးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင်သယ်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ တရားမဝင် သယ်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် ည ၈ နာရီတွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ် ဟောင်လိတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် မယ်ဆိုင်ချောင်းဘေးအရောက်၌ တာချီလိတ်မြို့နယ်၊ ရန်အောင်မြေရပ်ကွက်နေ ဝင်းကိုကို(ခ)တင်မောင်(၄၃)နှစ်အား HONDA WAVE i 110 အမျိုးအစား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ငါးစီးနှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ အဆိုပါမော်တော်ဆိုင်ကယ်များကို ထိုင်းနိုင်ငံမှ တရားမဝင်သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဝင်းကိုကို(ခ)တင်မောင်အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန် ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၁၂၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသိန်းထွန်း(ဘ)ဦးထွန်းလှိုင်(၉/ဝတန(နိုင်)၀၄၇၃၁၁)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးတုန်ပေါင်စိုး(ဘ)ဦးတုန်ရှင်ဖင့်(၁၃/လရန(နိုင်)၀၅၄၂၈၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**(ဖဖ-၄)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ➤ ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃၃)၊ ဦးပိုင်နံပါတ်(၁၅၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးအောင်စိန်(ဘ)ဦးအေးမောင်(၉/မရမ(နိုင်)၀၁၇၁၈၈)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း(ပေ ၂၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်(ရေ + မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးလှထွန်း(ဘ)ဦးကံထူး(၉/မရတ(နိုင်)၀၀၃၈၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**(ဖဖ-၄)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ➤ ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝါးတန်းမြောက်ရပ် အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၈၅)အတွင်းရှိ အရှေ့လားသော်-ဦးကျော်ငြိမ်း မြေအစပ်၊ အနောက်လားသော်-စစ်ကိုင်း-မန္တလေးလမ်း မြေအစပ်၊ တောင်လားသော်-ဦးစက်ထွန်း မြေအစပ်၊ မြောက်လားသော်-လမ်း မြေအစပ်နယ်လေးရပ်အတွင်းရှိ ဧရိယာ အရှေ့အနောက်(၁၈ ပေ)၊ တောင်မြောက်(၂၉ ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် ဝင်းခြံအကာအရံအပါအဝင် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သောင်းခင်(ခ)ဒေါ်နန်းခမ်းလှိုင်(ဘ)ဦးလူကျော်(၅/ဟမလ(နိုင်)၀၀၈၇၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးချစ်စန်းမောင် (LL.B)၊ ဒေါ်မွန်မွန်လှိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**မဟာဂန္ဓာရုံကျောင်းတိုက်လမ်း၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၅၁၁၁၅၅၆၀၊ ၀၉-၂၅၉၀၈၈၆၅၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၉)၊ ဦးပိုင်အမှတ်(၃၀-က)၊ ဧရိယာ(၀ ဒသမ ၀၃၀၉)ဧကရှိ ဒေါ်နွယ်နွယ်ဝေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြ(ခ)အေးမြ(ဘ)ဦးထွန်းဝေ(ခ)ထွန်းငွေ(၅/ခဥန(နိုင်)၀၀၁၄၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးအောင်ပိုင်ထွေး (LL.B) | ဒေါ်နှင်းလဲ့ရည် (LL.B) | ဒေါ်သွယ်ဆက်ပိုင် (LL.B) | ဒေါ်ဇင်မာဝေ (LL.B) |
|---|---|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**၁၂၈လမ်းနှင့် ၅၃လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၇၈၅၈၅၈၄၆၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော (၁)။ ဒေါ်ရီရီဝင်း(ဘ)ဦးဖိုးချွန်(၅/ခဥန(နိုင်)၀၉၅၄၄၉)နှင့် (၂)။ဒေါ်ခင်စန်းမြင့်(ဘ)ဦးထွန်းကြည်(၈/စလန(နိုင်)၀၉၂၂၁၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၄/၁၀၃)၊ မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကျော်ထွန်းအေး အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်အိအိဇော်(ဘ)ဦးဇော်မြင့်(၉/ခမစ(နိုင်)၀၃၃၈၈၅)နှင့် ဒေါ်အိအိဝါ(ဘ)ဦးစိုးတင့်(၉/နထက(နိုင်)၁၄၅၅၉၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးရဲဇော်ဦး(LL.B(Q),D.B.L) ဦးလမင်းသော်တာ(LL.M, M.Res) ဒေါ်သွယ်သွယ်စန်း(LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**'ကျော်' ဥပဒေအကျိုးဆောင်၊ ကျီကုန်းရပ်ကွက်၊ မီးသတ်ရုံးအနီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

**ဖုန်း ➤ ၀၉-၄၀၂၆၂၆၃၉၃၊ ၀၉-၄၃၀၇၆၉၄၈၊ ၀၉-၇၇၅၅၀၈၇၅၀**

## "JL moto" ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်(၄၉၇)နေ **ဒေါ်ဝတ်ရည်နွေး(ဘ)ဦးဝိန်ကောင်း(ခ)ဦးမျိုးလွင်(၉/ခမစ(နိုင်)၀၁၇၉၉၂)**၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**"JL moto"**

**စာချုပ်အမှတ်-(၁၇၄၆/ ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဝတ်ရည်နွေး** သည်အထက်ဖော်ပြပါ **"JL moto"** တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၁၇၄၆/၂၀၂၅)အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့်**(သုံးဘီးဆိုင်ကယ်နှင့် သုံးဘီးစပယ်ယာအပိုပစ္စည်းအမျိုးမျိုး)**တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဝတ်ရည်နွေး** ပိုင် **"JL moto"** အမှတ်တံဆိပ်၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍**(သုံးဘီးဆိုင်ကယ်နှင့် သုံးဘီးစပယ်ယာအပိုပစ္စည်းအမျိုးမျိုး)**ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **ဒေါ်ဝတ်ရည်နွေး**၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း:➤ 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer.khinninisoe@gmail.com**

❖ မိမိတို့၏ မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မည့် အစီအမံများ ချမှတ်နိုင်ရန်လို…

❖ စီးပွားရေးအရ၊ လုံခြုံရေးအရနှင့် နည်းပညာအရဆိုသည့် မတူညီသောနယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်…

❖ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည် ပြောင်းလဲလာနေသည့် ကမ္ဘာ့အစီအစဉ်သစ် (New World Order)နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ကြရမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၊ ကျောင်းအပ်ဆက်လက်လက်ခံ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

## ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံစဉ်။

နေပြည်တော် အောက်တိုဘာ ၉

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်ကို ထမ်းဆောင်ကြရမည့် ကျောင်းနေအရွယ် အနာဂတ်ရင်သွေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၈ ရက်မှစတင်၍ ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့်

စာမျက်နှာ ၁၄ သို့ ■

## ရောဝတီယူနိုက်တက်(ယူ-၂၁)အသင်းနှင့် ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် MNL Youth (U-21) League (Week-24) အဖြစ် ရောဝတီယူနိုက်တက် (ယူ-၂၁)အသင်းနှင့် သီဟဒီပကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ရန်ကုန်လူငယ်အသင်းက ပွဲစဉ်၏အဖွင့်ဂိုးကို ပွဲချိန်(၃၄) မိနစ်တွင် ရရှိခဲ့ပြီး လွှမ်းထက်ထွန်းက သွင်းယူပေးခဲ့သည်။ ထို့နောက် ရောဝတီလူငယ်အသင်းက ချေပဂိုးကို ၃၇ မိနစ်တွင် ပြန်လည်သွင်းယူခဲ့ကာ အောင်ချစ်က သွင်းယူပေးခဲ့သည်။

ရန်ကုန်လူငယ်အသင်းအနေဖြင့် ဒုတိယပိုင်းတွင် ဦးဆောင်ဂိုး ရရှိရေး ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်လွဲချော်မှုများကြောင့် ဂိုးများမြင်တွေ့ခဲ့ရခြင်းမရှိဘဲ၊ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။



ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် လက်ရှိတွင် (၂၄)ပွဲကစား၊ (၁၅)ပွဲနိုင်၊ (၅) ပွဲသရေ၊ (၄)ပွဲရှုံး၊ ရမှတ်(၅၀) ဖြင့် အမှတ်ပေးဇယား အဆင့်(၃) တွင် ရပ်တည်နေပြီး လာမည့် အောက်တိုဘာ ၁၆ ရက်တွင် Junior Lions အသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0



## အာရှဘောလုံးအပွဲချုပ် AFC Special Grassroots Football Awards 2025 ဆုအား မြန်မာက Future Stars Football Training ဆွတ်ခူးရရှိ

**ရန်ကုန် အောက်တိုဘာ ၉**

အာရှဘောလုံးအဖွဲ့ချုပ် (AFC)သည် လူငယ်ဘောလုံးတိုးတက်ရေး အခြေခံအဆင့် လှုပ်ရှားမှုဖြစ်သည့် Grassroots ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့် Future Stars Football Training ကလပ်အား အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၅ ခုနှစ်အတွက် AFC Special Grassroots Football Awards 2025 ဆုအား ချီးမြှင့်ခြင်းခံရမည် ဖြစ်သည်။

ဆုပေးပွဲအား လာမည့် နိုဝင်ဘာ ၁၁ ရက် မှ ၁၃ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်ပြီး Future Stars Football Training မှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရယူရန် AFC မှ ဖိတ်ကြားထားသည်။

Future Stars Football Training ကို ၂၀၁၉ ခုနှစ်မှ စတင်ကာ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ လူငယ် ၃၀၀၀ ကျော် အခြေခံဘောလုံးပညာ တက်ရောက်သင်ယူခဲ့သည်။

သင်တန်းပို့ချမှုများကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြဟောင်း ဦးအေးကြူကြီး၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း ဦးဟန်ထွန်းနှင့် နည်းပြများက တာဝန်ယူပို့ချလျက်ရှိသည်။

(NGB)

0-0-0-0-0